**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၈.၂.၂၀၁၉) ရက်နေ့တွင် နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဒေါ်နန်းစံဟွမ် တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၈) ဖြစ်ပါတယ်။ အစီအစဉ်အရ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လက်ခုပ် မတီးမိဖို့ သတိပြုစေလိုပါတယ်။ ယခု အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေ (ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင်) သည် (၄-၂-၂၀၁၉)ရက်နေ့ (၁၅:၅၀)နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့ပါ တယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စရောက်ရှိသွားခြင်း အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁(က)အရ ဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်က မိုင်းရယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေ (ရှမ်းပြည်နယ်အစိုးရ၏ အာမခံ

ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင်)သည် (၄-၂-၂၀၁၉) ရက်နေ့ (၁၅:၅၀) နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်း အဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၁(က)အရ လွှတ်တော်သို့ တင်သွင်း လာပါတယ်။ ဒီအဆိုဟာ လွှတ်တော်၏ အများဆန္ဒနှင့် ကိုက်ညီပြီး လွှတ်တော်က သဘောတူ တယ်လို့ မှတ်ယူပါတယ်။ ဒါကြောင့် မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ် တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်း အဆိုအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ပါတယ်။